## ၂။မီလီဂျပိုး (ပိုးစေးနဲ့)

**Striped mealybug : *Ferrisia virgata* (Cockerell, 1893)**

**Hemiptera: Pseudococcidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**




အမ အကောင်ကြီးသည် ဘဲဥပုံရှိပြီး (၅) မီလီမီတာ ခန့်ရှည်ကာ မီးခိုးဝါရောင်နှင့် ကျောဘက်တွင် ထင်ရှားသော အစင်းကြောင်းနှစ်ခုကို ဖယောင်းလွှာများအကြားမှ တွေ့မြင်နိုင်သည်။ ကျောဘက်မှ များစွာသော ဖြောင့်တန်းပြီး ( ၄.၀ မှ ၄.၅) မီလီမီတာခန့်ရှည်သည့် ဖယောင်းအမွေးမျှင်များ ပါရှိသည်။ အရွယ်ရောက်အထီး အကောင်ကြီးတွင် ရှည်လျားသော ဦးမှင်(၁)စုံ၊ ကောင်းစွာဖွံ့ဖြိုးသည့် ခြေ (၆) ချောင်း၊ အတောင်(၁)စုံ၊ နောက်ပိုင်းတွင် ရှည်လျှားသည့် အဖြူရောင် ဖရောင်းအမျှင် (၁)စုံ ပါရှိသည်။

**ဖျက်ဆီးပုံလက္ခဏာများ**



မီလီဂျပိုး (ပိုးစေးနဲ့) ဖျက်ပိုးသည် အရွက်ထိပ်ဖူးများ၊ အရွက်များနှင့် အသီးများ ပေါ်တွင် အစုအပြုံလိုက် နေထိုင်ကာ အပင်ရည်များကို စုပ်ယူစားသောက်သည့်အတွက်

အပင်အစိတ်အပိုင်းများဝါစေခြင်း၊ ညှိုးနွမ်းစေခြင်း၊ ခြောက်သွေ့စေခြင်း နှင့် အရွက်နှင့်အသီးများ အရွက်မတိုင်မီ ကြွေကျခြင်းများ ဖြစ်စေသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥ အဆင့် | **– ( ၂–၃)** နာရီ |
| ပိုးမမည် အဆင့် | **– (၄၃–၉၂)** ရက် |
| အကောင်ကြီး အဆင့် | **– (၁၀–၅၆)** ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)မီလီဂျပိုး (ပိုးစေးနဲ) ကျရောက်မှုအား စဉ်ဆက်မပြတ် ကင်းထောက်စစ်ဆေးပါ။

(၂) ဖျက်ပိုးစတင်ကျရောက်သည်ကို တွေ့ရှိပါက ပြင်းထန်စွာကျရောက်နေသော အကိုင်း အခက်များအား ဖြတ်၍ ချက်ချင်းမီးရှို့ ဖျက်ဆီးပါ။

(၃) မီလီဂျပိုး (ပိုးစေးနဲ) များသည် တစ်နေရာ မှ တစ်နေရာသို့ ထိဆက်နေသော သစ်ကိုင်းများမှ တဆင့် လမ်းလျှောက်ကူးစက်နိုင်သောကြောင့် ကိုင်းကျပ်ကိုင်းညှပ်များ နှင့် တစ်ပင်နှင့်တစ်ပင် ထိဆက်နေသော ကိုင်းများအား ခုတ်ထွင်ရှင်းလင်းပါ။

(၄)သဘာဝသားရဲအင်းဆက်များအား ထိန်းသိမ်းကာကွယ်ပါ။

(၅) အလွန်ဆိုးရွားစွာ ကျရောက်ပါက ထိသေစားသေ (သို့) ပင်လုံးပြန့် အာနိသင်ရှိပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေး အညွှန်းအ တိုင်းပက်ဖျန်းပါ။ (သို့) mineral oil နှင့် ရောစပ်၍ ဖြစ်စေ ပိုးသတ်ဆေးဗူးအညွှန်းပါ နှုန်းထားအတိုင်း ပက်ဖျန်းကာကွယ်နှိမ်နင်းပါ။ ပိုးသတ်ဆေးများကို အသုံးပြုပါက အညွှန်း တွင် ဖော်ပြထားသည့် မခူးဆွတ်မီစောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍ စနစ်တကျခူးဆွတ်ပါ။

- ဒိုင်မီသိုအိတ် (Dimethoate)
- ဒိုင်နိုတီဖျူရမ် (Dinotefuran)
- စပီရိုတတ်ထရာမက် (Spirotetramat)

- အဆီတာမိပရစ် (Acetamiprid)
- ကာဘာရိုင်း(Carbary)